# စူဠဗျူဟသုတ် အနှစ်ချုပ် မြန်မာပြန်

(စူဠ=ငယ်သော၊ ဗျူဟ=အမျိုးမျိုးကြံစည်ခြင်း၊ စစ်ဆင်ခြင်း၊ စုရုံးခြင်း၊ ပယ်ထုတ်ခြင်း။ အမျိုးမျိုးကြံစည်စိတ်ကူးသဖြင့် ဖြစ်ပေါ်လာသော အယူအဆများကို စုရုံးဖေါ်ပြသော သုတ္တန်။ ဤသုတ်ကို ဝိတက်စရိုက်များသော နတ်ပြဟ္မာတို့အတွက် ဟောတော်မူ၏။ ထိုနတ်ပြဟ္မာတို့သည် "လောက၌ အယူဝါဒ အသီးသီးရှိကြကုန်သော သူတို့သည် စိတ်ကောင်းနှလုံးကောင်း ရှိကြပါသလော။ အမှားအမှန်ကိုမဝေဘန်ဘဲ မိမိအယူကိုသာ စွဲကိုင်ထားကြပါသလော။ သို့မဟုတ် အခြားသူတို့၏ အယူဝါဒကိုလည်း စဉ်းစားဆင်ခြင်၍ လက်ခံကြပါသလော"ဟု တွေးတော ကြံစည်ကြ၏။ ထိုနတ်ပြဟ္မာတို့ကို ရည်ရွယ်၍ ဘုရားရှင်ဟောတော်မူသည်။)

**နိမ္မိတဘုရားရှင် မေး။ ။ပညာရှိအခေါ် ခံ တယူသန်ဝါဒ အစွဲသမားတို့သည် ဤသို့ အချင်းချင်း ပြောဆိုငြင်းခုံ နေကြပါသည်။ "ငါတို့ယူထားသော အယူမျိုးကို သိနားလည်သူမှသာ အမှန်တရားကိုသိသူ ပညာရှိဖြစ်သည်။ ငါတို့၏အယူကို နားမလည်သူ မနှစ်သက်သူတို့သည် လူနုံ,လူအ, လူ့အန္ဓ, လူ့ဗာလ, လူမိုက်များသာ ဖြစ်သည်။ ငါတို့ အယူသာမှန်သည်၊ အခြားသူတို့၏အယူသည် မှား၏" ဟု တဖက်သတ် တယူသန် ပြောဆို ငြင်းခုံ နေကြပါသည်။ ထိုသူတို့၏ အယူဝါဒတို့တွင် အဘယ်အယူဝါဒသည်မှန်ကန်ပါသနည်း။**

**ပကတိဘုရားရှင် ဖြေ။ ။သူတပါး၏ အယူအဆကို နားမလည် မနှစ်သက်ရုံမျှဖြင့် လူနုံ,လူအ, လူ့ဗာလ ဖြစ်သည်ဟု ဆိုလျှင် အားလုံးပင် လူနုံ,လူအ, လူ့ဗာလချည်း ဖြစ်ကုန်ရာသည်။ အကြောင်းမှာမူကား ထိုသူ အားလုံးတို့သည် မိမိတို့၏ အယူကိုသာ မှန်သည်ဟု စွဲယူပြီးလျှင် အခြား သူတပါးတို့၏ အယူဝါဒများကို မနှစ်သက်ကြသောကြောင့်တည်း။**

**မိမိအယူကိုသာ မှန်သည်ဟု စွဲယူထားသူတိုင်းပင် အမှန်တရားသိသူ ပညာရှိများဖြစ်သည်ဟု ဆိုလျှင် လည်း အယူဝါဒသမား အားလုံးပင် ပညာရှိများသာ ဖြစ်ရာချေသည်။ အကြောင်းမှာမူကားမည်သူမဆို မိမိ၏ အယူကို မှန်သည်ဟု စွဲယူထားခြင်းကြောင့်ပင်ဖြစ်သည်။**

**မိမိအယူဝါဒနှင့် မတူသူ ဟူသမျှကို လူနုံ,လူအ, လူ့ဗာလ, လူမိုက်ချည်းသာ ဖြစ်သည်ဟူ၍ ပြောဆိုချက် များကို မှန်သည်ဟု ငါဘုရားမဟောပေ။ အဘယ့်ကြောင့်ဆိုသော်ငြင်းခုံသူတိုင်းပင် မိမိတို့အယူဝါဒကို မှန်သည် ဟု တယူသန် စွဲလမ်းကြသောကြောင့်ပေတည်း။**

**နိမ္မိတဘုရားရှင်မေး။ ။ အချို့က မှန်သည်ဟု ဆိုကြသည့် အယူကိုပင် အခြားသူတို့က မမှန်ဟု ငြင်းခုံပြော ဆိုကြပြန်ပါသည်။ ကိလေသာငြိမ်းအေးကြောင်းဖြစ်သောအယူဝါဒသည် တသဘောတည်း, တခုတည်းသာ ဖြစ် သင့်ပါသည်။ ထိုသို့ဖြစ်သင့်ပါလျက်အဘယ့်ကြောင့် ကိလေသာငြိမ်းအေးပြီးသူပညာရှိအခေါ် ခံ ပုဂ္ဂိုလ်တို့က အကွဲကွဲ အပြားပြား ပြောဆိုနေကြပါသနည်း။**

ပကတိဘုရားရှင် ဖြေ။ ။ အမှန်တရားသည် တသဘောတည်း, တမျိုးတည်းသာ ဖြစ်သည်။ ကိလေသာ ငြိမ်းပြီးသူ အရိယာတို့သည် အမှန်တရားကိုသော်၎င်း၊ အမှန်တရားနှင့် စပ်လျဉ်းသည့် အကျင့်ကိုသော်၎င်း၊ အကွဲကွဲ အပြားပြား ပြောဆိုငြင်းခုံခြင်းမရှိကြချေ။ အမှန်တရားကို အကွဲကွဲ အပြားပြား ပြောဆိုငြင်းခုံနေကြခြင်း သည် အရိယာအစစ် အဟုတ်သေးသဖြင့် စိတ်ကူးအတိုင်း ပြောဆိုနေကြခြင်းသာဖြစ်သည်။

နိမ္မိတဘုရားရှင် မေး။ ။မိမိကိုယ်ကို ပညာရှိ ဉာဏ်ကြီးရှင်ဟု ဂုဏ်တင် ပြောဆိုနေကြသူတို့သည်အဘယ့် ကြောင့် အမှန်တရားကို အကွဲကွဲအပြားပြားအမျိုးမျိုး ပြောဆိုနေကြပါသနည်း။ဆရာသမားများထံမှကြားနာ မှတ်သား၍ ပြောဆိုနေကြခြင်းလော။(သို့မဟုတ်) မိမိတို့ စိတ်ကူးကြံစည်ခြင်းအရပြေဆိုနေကြခြင်းလော။

ပကတိဘုရားရှင် ဖြေ။ ။"သဿတဒိဋ္ဌိ=တည်မြဲအယူမှား" ရှိသူတို့က မိမိတို့ အယူမှတပါး အခြားအမှန် တရား မရှိဟု ပြောဆိုကြသည်။ အခြားအယူများမှာစိတ်ကူးအရ ပြောဆိုကြသော အမျိုးအစားများသာဖြစ်သည် ဟုလည်း ပစ်ပယ်ကြသည်။ ထိုနည်းတူပင် မိစ္ဆာအယူ ရှိသူများသည် မိမိတို့၏အယူသာ အမှန်တရား ဖြစ်၍ သူတပါးတို့၏ အယူမှာ စိတ်ကူးအရ ပြောဆိုကြသည့် အမျိုးအစားသာ ဖြစ်သည်ဟု ပစ်ပယ်ကြသည်။

မိမိနှင့်အယူဝါဒ မတူသည့် အခြားသူကို လူနုံ,လူအ, လူမိုက်ဟု ထင်မှတ်နေသူသည် မိမိကိုယ်ကို လူလိမ္မာဟု ဆိုလိုရာရောက်သည်။ မိမိကိုယ်ကို လူလိမ္မာဟု ထင်နေသူသည် အခြားသူများကို အထင်မကြီးနိုင်, မမြတ်နိုးနိုင်ချေ။

၆၂-ပါးသော မိစ္ဆာအယူရှိသူသည် မာန်မာနထောင်လွှားကာဂုဏ်ကြီးရှင် ပညာရှိတစ်ယောက်ဟု မိမိကိုယ်ကို မိမိ အထင်ကြီးသည်။ အဘယ့်ကြောင့်ဆိုသော် ထိုသူသည် မိမိအယူ၌ ပြင်းစွာ စွဲလမ်းသော ကြောင့်တည်း။

မိမိအယူကိုသာ စင်ကြယ်သည်ဟု စွဲလမ်းနေသူသည် မိမိနှင့် အယူဝါဒ မတူသော အခြားသူများကို လူနုံ,လူအ, လူ့မိုက်ဟုသာ ပြောဆိုသည်။

လောက၌ မိစ္ဆာအယူဝါဒ ရှိသူတို့သည် မိမိတို့အယူဝါဒသာလျှင်သူတပါးတို့ အယူထက် ကောင်းမွန် စင်ကြယ်သည်ဟု အချင်းချင်း ငြင်းခုံလေ့ ရှိကြသည်။ သူတော်ကောင်းဖြစ်သောအရိယာပုဂ္ဂိုလ်တို့မူကား များသော မိစ္ဆာအယူဝါဒ အားလုံးတို့ကို စွန့်ပယ်ပြီးဖြစ်၍ အချင်းချင်း ငြင်းခုံခြင်း မပြုကြချေ။

(ပခုက္ကူ မဟာဝိသုတာရာမ တိုက်အုပ်ဆရာတော် အရှင်နန္ဒိယမထေရ်၏ မဟာသမယသုတ်များ ပါဠိတော် နိဿယနှင့် အဓိပ္ပါယ်ဖွင့်ကျမ်းမှ ကူးယူပါသည်။)

***************

# စူဠဗျူဟ သုတ်

(သုတ္တနိပါတ်၊ အဋ္ဌကဝဂ်၊ ပါ-၄၁၈။)

(၂၀၁၂-ခုနှစ်၊ ဧပြီလ ၈-ရက်)

**ပထမ အမေး (၂) ဂါထာ**

**၁။ သကံ သကံ ဒိဋ္ဌိပရိဗ္ဗသာနာ၊**

**ဝိဂ္ဂယှ နာနာ ကုသလာ ဝဒန္တိ။**

**ယော ဧဝံ ဇာနာတိ သ ဝေဒိ ဓမ္မံ၊**

**ဣဒံ ပဋိက္ကောသ မကေဝလီ သော။**

**မြန်မာပြန်။ ။ဂေါတမနွယ်ဖွားမြတ်စွာဘုရား.... မိမိ မိမိတို့ အယူဝါဒတည်းဟူသောနေအိမ်၌ နေသူတို့သည် (ဝါ) အယူဝါဒ အသီးသီးရှိသူတို့သည်မိမိအယူကို တယူသန်ယူကြကုန်လျက်အယူဝါဒ အရာ၌ 'ငါသည်သာလျှင် လိမ္မာကျွမ်းကျင်၏'ဟု ဝန်ခံကြကုန်လျက် အယူအမျိုးမျိုးကိုပြောဆိုကြကုန်၏။ အဘယ်သို့ ပြောကြကုန်သနည်းဟူမူ.. "ငါ့အယူဝါဒကို ကွဲပြားခြားနားစွာ သိသောသူသည် တရားစစ်တရားမှန်ကိုသိသူမည်၏။ ငါ့အယူကို တားမြစ်ကန့်ကွက်သောသူသည်လူနံ့ လူအ လူ့ဗာလဖြစ်၏" ဟု ပြောဆိုကြကုန်၏။**

**၂။ ဧဝမ္ပိ ဝိဂ္ဂယှ ဝိဝါဒယန္တိ၊**

**ဗာလော ပရော အက္ကုသလောတိ စာဟု။**

**သစ္စော နု ဝါဒေါ ကတမော ဣမေသံ၊**

**သဗ္ဗေဝ ဟီမေ ကုသလောဝဒါနာ။**

**မြန်မာပြန်။ ။ဤအထက်နည်းတူပင် မိမိအယူကို တယူသန် စွဲကိုင်လျက် ငြင်းလည်းငြင်းကြကုန်၏။ ငါမှတပါး အခြားသူအပေါင်းသည်လူနံ့,လူအ လူ့ဗာလ သာတည်း။ ကျွမ်းကျင်မှုနည်း ဉာဏ်မဲ့သူသာတည်းဟုလည်း ပြောဆိုကြကုန်၏။ ဤသို့ ပြောဆိုငြင်းခုံ အယူသည်းသူတို့၏အဘယ်ဝါဒသည် မှန်ကန်သောအယူဝါဒ ဖြစ်ပါသနည်း?။ ဤလောက၌ ဤကဲ့သို့ ပြောဆိုငြင်းခုံ အယူသည်းသူတို့သည်ဟုတ်တိုင်းမချန် အမှန်အတိုင်း ပြောဆိုကြပါသလော။**

**၁-၂ လိုရင်းအဓိပ္ပါယ်။** ။မြတ်စွာဘုရား... မိမိတို့ကြိုက်ရာ နှစ်သက်ရာ အယူတပါးပါးကို ခိုင်ခိုင်မာမာ လက်ကိုင်ထားပြီး ထိုအယူကို အိမ်သဖွယ်ပြုလျက် မှီတင်းနေထိုင်ကြကုန်သော အယူသည်းသူတို့သည် အခြားအယူရှိသူများကို ပြောဆိုကုန်၏။ ပြောပုံမှာ.....ငါတို့အယူဝါဒကို လက်ခံမှသာ ကျနစွာသိမှသာ အမြင်မှန်သူ ဉာဏ်ရှိသူ ဖြစ်၏။ ငါတို့ဝါဒကို တားမြစ်ကန့်ကွက် ဖျက်ဆီးသူများသည် (မနှစ်ခြိုက်သူများသည်) လူရာမဝင် လူစဥ်မမှီ လူနံ့ လူအ,များသာဖြစ်၏- ဟု ဝေဘန်ပြောဆိုကြပါ၏။ ထိုမှတပါး အချင်းချင်းလည်း ငြင်းခုံကြကုန်၏၊ ပြိုင်ဆိုင်ကြကုန်၏။ သူတို့မှတပါး အခြားအယူဝါဒရှိသူ မှန်သမျှကို ဉာဏ်အမြင်မဲ့သူ

လူ့အနွများသာ သဘောထားကြ ပါကုန်၏။ ထိုသူတို့ အယူဝါဒများသည် မှန်ကန်သော အယူဝါဒများ ဖြစ်ပါကုန်သလော။ ထိုပုဂ္ဂိုလ်တို့သည် အပြစ်ကင်း၍ အကြောင်းယုတ္တိနှင့်တကွ ပြောဆိုကြပါသလော။

**အဖြေ (၃)ဂါထာ**

**၃။ ပရဿ စေ ဓမ္မံ' မနာနုဇာနံ၊**
**ဗာလော မကော ဟောတိ နိဟီနပညော။**
**သဗ္ဗေဝ ဗာလာ သုနိဟီနပညာ၊**
**သဗ္ဗေဝိမေ ဒိဋ္ဌိပရိဗ္ဗသာနာ။**

**မြန်မာပြန်။ ။နိမ္မိတရုပ်ပွား မြတ်စွာဘုရား.....သူတစ်ပါး၏ဘာသာတရားကိုခွင့်မပြုဘဲ ပယ်မြစ်သောသူသည် အသိဉာဏ်ပညာ ယုတ်နိမ့်သည်ဖြစ်၍အဆင့်အတန်းနိမ့်ကျသောမသိမလိမ္မာသူ လူမိုက် လူအ လူဖျင်းချည်းသာ ဖြစ်မည်ဆိုလျှင် အယူဝါဒ အသီးအသီး ရှိသူအားလုံးတို့သည်လူ့ဗာလ လူ့အနွချည်းသာ ဖြစ်ကုန်ရာ၏။ အဘယ့်ကြောင့်ဆိုသော်အယူဝါဒလက်ကိုင်ရှိသူ အားလုံးတို့သည်အသီးအသီး ကိုယ့်အယူဝါဒကို မိမိတို့၏ အမြဲနေထိုင်ရာ အိမ်သဖွယ်ပြုကြကုန်၍အခိုင်အမြဲ လက်စွဲထားကြကုန်၏။**

(သူတပါးအယူဝါဒကို လက်မခံတိုင်းသာ လူ့ဗာလ လူနုံလူအ ဖြစ်ရချေလျှင် အားလုံး လူ့ဗာလ ချည်းသာ ဖြစ်လေရာ၏ ဟူလို။)

**၄။ သန္ဒိဋ္ဌိယာ စေ ပန ဝီဝဒါတာ၊**
**သံသုဒ္ဓပညာ ကုသလာ မုတီမာ။**
**န တေသံ ကောစိ ပရိဟီနပညော၊**
**ဒိဋ္ဌီ ဟိ တေသမ္ပိ တထာ သမတ္တာ။**

**မြန်မာပြန်။ ။ "ဤသို့သိလျှင် အမှန်တရားကို သိမြင်၏"ဟူသော စကားကို တနည်းရှင်းပြရလျှင်မိမိအယူ ဖြင့်ပင် အထူးဖြူစင်၏၊ ကောင်းစွာစပ်ကြယ်သော ပညာရှိဖြစ်၏၊ လိမ္မာကျွမ်းကျင်သောပညာရှင်ဖြစ်၏၊ လွန်ကဲ သော အသိဉာဏ်ရှိသူဖြစ်၏ဟု အကယ်၍ ဆိုငြားအံ့။ ထိုအယူဝါဒ ရှိသူတို့တွင် တစ်ဦးတစ်ယောက်မျှယုတ်နိမ့် သော ပညာရှိသူ မဖြစ်နိုင်တော့ရာ။ အကြောင်းမူကား...ထိုအယူဝါဒရှိသူ အသီးသီးတို့သည်လည်းမိမိ မိမိတို့၏ အယူကို သူတပါးနှင့်မခြားအလားတူစွာ ကောင်းမွန်ပြည့်စုံစွာ ယူအပ်သောကြောင့်ပင်တည်း။**

(ကိုယ့်အယူဝါဒနှင့်ကိုယ် ကောင်းစွာသိသူတိုင်း ပညာရှိဟု ခေါ်ရမည်ဆိုလျှင် တစ်ယောက်မျှ ယုတ်ညံ့သူ မရှိနိုင်။ လူတိုင်းပင် ပညာရှိဖြစ်လေရာ၏ ဟူလို)

**၅။ န ဝါဟမေတံ တထိယန္တိ ဗြူမိ၊**
**ယ'မာဟု ဗာလာ မိထု အညမညံ။**
**သကံ သကံ ဒိဋ္ဌိ' မကံသု သစ္စံ၊**

**တသ္မာ ဟိ ဗာလောတိ ပရံ ဒဟန္တိ။**

**မြန်မာပြန်။ ။မိမိအယူဝါဒကို စွဲမှီ၍ အယူမတူမှုကြောင့်ငြင်းခုံနေသူ နှစ်ဦးနှစ်ဖက်သားတို့သည်အချင်းချင်း ပညာမဲ့သူ လူဖျင်းလူအ ဟူ၍ နှိမ်ချသောအားဖြင့်ပြောဆိုကြကုန်၏။ ငါဘုရားသည် ထိုသူတို့အယူဝါဒကို မှန်သည်ဟု ဟောတော်မမူသည်သာ။ အဘယ့်ကြောင့်နည်းဟူမူ....အသီးသီးသော မိမိအယူကို အမှန်ချည်းဟု ယူထားကြ၏။ ထို့ကြောင့်ပင် အယူကွဲပြားသည့်အခြားသူကို ပညာမဲ့သူ လူ့ဗာလဟူ၍ နှိမ်ချထားတတ်ကြကုန်၏။**

(လူတိုင်း ကိုယ့်အယူနှင့်ကိုယ် မှန်သည်ဟု ယူဆထားကြသဖြင့် ကိုယ်နှင့်မတူသူမှန်သမျှကို လူ့ဗာလဟု ခေါ်ကြခြင်းသည် မှန်ကန်သောအယူဝါဒဟု ငါဘုရား မဟော။)

**ဒုတိယ အမေးဂါထာ**

**၆။ ယ မာဟု သစ္စံ တထိယန္တိ ဧကေ၊**

**တ မာဟု အညေပိ တုစ္ဆံ မုသာတိ။**

**ဧဝမ္ပိ ဝိဂ္ဂယှ ဝိဝါဒယန္တိ၊**

**ကသ္မာ န ဧကံ သမဏာ ဝဒန္တိ။**

**မြန်မာပြန်။ ။ဂေါတမနွယ်ဖွားမြတ်စွာဘုရား.... အချို့သော သမဏအမည်ခံ ပုဂ္ဂိုလ်တို့က "မှန်ကန်၏၊ ချွတ်ယွင်းဖေါက်ပြန်မှုမရှိ"ဟု ပြောဆိုထားသောအရာကိုပင် အခြားသော သမဏအမည်ခံ ပုဂ္ဂိုလ်တို့က "အချည်းနှီး ချွတ်လွဲမှားယွင်းသောအယူဝါဒ"ဟု ပြောဆိုကြကုန်၏။ ဤနည်းဖြင့်လည်း မိမိအယူကိုသာ မြဲမြဲမံမံ တယူသန်အားဖြင့် ယူထားကြကုန်လျက် ငြင်းခုံနေကြပါ၏။**

**ကိလေသာမှ ငြိမ်းအေးပြီးဖြစ်သဖြင့် သမဏဟု ခေါ် ဆိုအပ်သောပုဂ္ဂိုလ်တို့သည်အဘယ့်ကြောင့် တစ်ခုတည်းသော သစ္စာတရားကို မဟောကြပါကုန်သနည်း။**

**ဘဝအဆုံးသတ် သစ္စာမျိုးစုံ အဖုံဖုံ။** ။ဥစ္ဆေဒ အယူရှိသူများက သေပြီးလျှင် ပြတ်စဲချုပ်ငြိမ်း၏ဟု ယူ၏။ ဒါကိုပင် အချို့က နတ်ပြည်လောက,က သေတဲ့အခါကျမှ ဘဝပြတ်၏ဟု ဆိုပြန်၏။ အချို့က ရူပါဝစရ ဗြဟ္မာ အဖြစ်က သေမှ ဘဝပြတ်သည်ဟု ဆိုပြန်၏။ အချို့က အရူပါဝစရဘုံက သေမှ ဘဝပြတ်သည်၊ အစဉ်ထာဝရ ငြိမ်းသည်ဟု ယူဆသူလည်း ရှိ၏။

သဿတအယူရှိသူများကလည်း ဘုရားသခင်က ကယ်တင်လို့ ကောင်းကင်ဘုံရောက်မှ ငြိမ်းအေး တယ်လို့ ဆိုကြ၏။ တချို့က နတ်ဘုံရောက်မှ၊ တချို့က ရူပဗြဟ္မာဘုံရောက်မှ၊ တချို့က အရူပဗြဟ္မာဘုံ ရောက်မှ မအို,မနာ,မသေ အမြဲထာဝရ ငြိမ်းအေးပေတယ်ဟု ယူကြ၏။

တချို့က ကိုယ်ထဲက အတ္တကိုတွေ့အောင် ရှာကြည့်နိုင်ရင် နောက်ဆုံး ဆင်းရဲငြိမ်းတဲ့ အမှန်တရား ဟု ဆို၏။ တချို့က အတ္တနှင့် ခန္ဓာငါးပါး ခွဲခြားသိလျှင် ဆင်းရဲငြိမ်း၏ဟု ယူဆ၏။ တချို့က ဖန်ဆင်းရှင်ဘုရား သခင်က မြဲပြီး အဖန်ဆင်းခံ သတ္တဝါတွေကတော့ မမြဲဘူးလို့ ယူဆ၏။ တချို့က အဖန်ဆင်းခံ အတ္တလေး

များနှင့် ဖန်ဆင်းရှင် မဟာအတ္တကြီးတို့ ပေါင်းစည်းမိလျှင် ထာဝရငြိမ်းချမ်းတော့၏ဟု ဘဝ၏အဆုံးသတ် သစ္စာတရားကို အမျိုးမျိုး အဖုံဖုံ တွေးခေါ် ယူဆကြ၏။

**အဖြေဂါထာ**

**၇။ ဧကံ ဟိ သစ္စံ န ဒုတီယ’ မတ္ထိ၊**
**ယသ္မိံ ပဇာ နော ဝိဝဒေ ပဇာနံ။**
**နာနာ တေ သစ္စာနိ သယံ ထုနန္တိ၊**
**တသ္မာ န ဧကံ သမဏာ ဝဒန္တိ ။**

**မြန်မာပြန်။ ။နိမ္မိတရုပ်ပွား မြတ်စွာဘုရား……အကြင်နိဗ္ဗာန်တည်းဟူသောသစ္စာတရားကြောင့်အထူးသိမြင်အရိယာအရှင်တို့သည်မငြင်းခုံတော့ပါ။ ထိုနိရောဓသစ္စာသည်သဘောမပြား တစ်ပါးတည်းသာ ရှိ၏။ နှစ်ခုမြောက်ဖြစ်သော ပြိုင်ဘက်အမှန်တရားမရှိသည်သာ။ ထိုသို့ တစ်ပါးတည်းဖြစ်ပါလျက်သမဏအမည်ခံ ပုဂ္ဂိုလ်တို့ သည် ဘဝဇာတ်သိမ်း ငြိမ်းကြောင်းအမှန်တရားကိုအကွဲကွဲအပြားပြားတခြားစီး တခြားစီး ချီးမွမ်းကြုံးဆပြောဆိုနေကြပါကုန်၏။ထိုသို့ ပြောဆိုနေကြခြင်းကြောင့်သမဏအမည်ခံ ပုဂ္ဂိုလ်တို့ သည် တစ်မျိုးတည်းသောသစ္စာတရားကို မပြောဆိုနိုင်ကြလေကုန်။**

**အဓိပ္ပါယ်အချုပ်။** ။လောကအဆုံးဖြစ်သော နောက်ဆုံးအမှန်တရားသည် နိရောဓသစ္စာ ဖြစ်၏။ နိရောဓကို သိပြီးသော အရိယာပုဂ္ဂိုလ်တို့မှာ တစ်စုံတစ်ယောက်နှင့် ငြင်းခုံစရာ အကြောင်းမရှိတော့။ သို့ပါလျက် အမြင်မှားသူတို့မှာ တစ်ခုတည်းသော လောကအဆုံး နိရောဓသစ္စာတရားကို မသိမြင်ခြင်းကြောင့် ရော်ရမ်းမှန်းဆ၍ “ဤတရားသည် လောကအဆုံး အမှန်တရားဖြစ်၏။ ဤတရားသည်သာ နိရောဓအစစ်ဖြစ်၏” စသဖြင့် ကိုယ့်နိရောဓနှင့်ကိုယ် အမျိုးမျိုး အဖုံဖုံ ငြင်းခုံပြောဆိုနေကြတော့၏။ ထို့ကြောင့် တစ်ခုတည်းသော နိရောဓကို တိတိကျကျ မပြောနိုင်ကြတော့ကုန်။

**တတိယ အမေးဂါထာ**

**၈။ ကသ္မာ န သစ္စာနိ ဝဒန္တိ နာနာ၊**
**ပဝါဒိယာသေ ကုသလာဝဒါနာ။**
**သစ္စာနိ သုတာနိ ဗဟူနိ နာနာ၊**
**ဥဒါဟု တေ တက္က’ မနုဿရန္တိ ။**

**မြန်မာပြန်။ ။ဂေါတမနွယ်ဘွားမြတ်စွာဘုရား……အထူးထူးအထွေထွေများပြားလှပေကုန်သောမိမိကိုယ်ကိုယ် ကျွမ်းကျင်သိမြင်ပညာရှင်ဟု ဂုဏ်တင်ပြောကြားနေသူတို့ သည် အဘယ့်ကြောင့် အမျိုးမျိုးသောသစ္စာတရားတို့ ကို ပြောဟောနေကြပါကုန်သနည်း။ထူးထူးထွေထွေ များလှပေသော ထိုသစ္စာတရားတို့ ကိုအဆင့်ဆင့်သော သူတို့ ဆရာများထံမှကြားနာမှတ်သားဖူးသဖြင့်ပြောဆိုကြပါကုန်သလော။သို့ မဟုတ် - ထို**

**ဘာသာရေးဆရာတို့သည်သူတပါးထံမှနည်းမခံ ကိုယ့်အကြံဖြင့် ကြံစည်ခြင်းသို့ အစဉ်လိုက်ကာ ဟောပြောကြပါသလော။**

**အဖြေ ဂါထာ**

**၉။ န ဟေဝ သစ္စာနိ ဗဟူနိ နာနာ၊**
**အညတြ သညာယ နိစ္စာနိ လောကေ။**
**တက္ကဉ္စ ဒိဋ္ဌီသု ပကပ္ပယိတွာ၊**
**သစ္စံ မုသာတိ ဒွယဓမ္မ' မာဟု။**

**မြန်မာပြန်။ ။နိမ္မိတရုပ်ပွားမြတ်စွာဘုရား.... လောက၌ ဖေါက်ပြန်စွာ မှတ်သားမှု လွဲမှားသောသညာကို ဖယ်ထား၍ အထူးထူးအထွေထွေ များလှပေသည့် မြဲသောသစ္စာတရားတို့သည်မရှိကုန်သည်သာတည်း။ မိမိနှစ်သက်သော ထိုထိုအယူတို့၌ ကြံစည်တွေးဆခြင်းကိုလည်းကြိမ်ဖန်များစွာ အလေ့အလာ ပြုပြီး၍ "မိမိအယူသာ မှန်သည်၊ အခြားသူတို့၏အယူကား အမှားသာတည်း"ဟု အမှန်နှင့်အမှား နှစ်ပါးသောတရားကို ဟောပြောကြကုန်၏။**

**ဖေါက်ပြန်တဲ့သညာနှင့်လွဲမှားတဲ့အတွေးကြောင့်သစ္စာတွေများ။** ။ဒိဋ္ဌိ(၆၂)ပါးတွင် သဿတဒိဋ္ဌိ (၅၅)ပါး ရှိပြီး ဥစ္ဆေဒဒိဋ္ဌိ (၇) ပါးရှိ၏။ သဿတအယူရှိသူများကလည်း သူတို့ဆရာအစဉ်အဆက် ဟောခဲ့သည့် အယူလွဲများကို မှတ်သားထားသည့်အတိုင်း ထာဝရဘုရား၊ ထာဝရဘုံ၊ ထာဝရခန္ဓာ ရှိသည်ဟုမှတ်ကာ ဘဝ၏အဆုံး သစ္စာများကို ဟောပြောကြ၏။ ဥစ္ဆေဒအယူရှိသူများကား သေလျှင် ငြိမ်းပြတ်တော့၏ဟု လွဲမှားစွာယူမှတ်ကာ ဘဝအဆုံး သစ္စာတရားများကို ဟောပြောကြ၏။ အချို့သော ဘာသာရေးဆရာများမှာကား မိမိတို့ဖာသာ တွေးခေါ် ကြံဆ၍ အဆုံးသစ္စာတရား မျိုးစုံကို ဟောပြောကြပြန်၏။

ထိုသို့ ဖေါက်ပြန်လွဲမှားစွာ မှတ်သားထားမှု **သညာဝိပ္ပလ္လာသနှင့်** အကျင့်မပါ လွဲမှားစွာတွေးခေါ် တတ်သည့် **တက္ကဝေဒ**နှစ်ခုကြောင့် လောက၏အဆုံး သစ္စာမျိုးစုံ (ဝါ) နိဗ္ဗာန်မျိုးစုံကိုယူကာ "ငါတို့သိတဲ့ သစ္စာတရားသာ အမှန်၊ အခြားတရားတွေ အကုန်လွဲ"ဟု ဟောပြောနေကြ၏။

**၁၀။ ဒိဋ္ဌေ သုတေ သီလဝတေ မုတေ ဝါ၊**
**ဧတေ စ နိဿာယ ဝိမာနဒဿီ။**
**ဝိနိစ္ဆယေ ဌတွာ ပဟံသမာနော၊**
**ဗာလော ပရော အက္ကုသလောတိ စာဟ။**

**မြန်မာပြန်။ ။နောက်တနည်း ပြောဆိုပုံမှာ.... မြတ်သောမင်္ဂလာဟု သမုတ်အပ်သော အဆင်းကိုတွေ့ရလျှင် ကိလေသာမှ စင်ကြယ်၏ဟူ၍၊ မြတ်သောအသံကိုကြားရလျှင် ကိလေသာမှ စင်ကြယ်၏ဟူ၍၊ နွားခွေး စသော တိရစ္ဆာန်တို့၏ အကျင့်ကိုကျင့်လျှင် ကိလေသာမှ စင်ကြယ်၏ဟူ၍၊ မြတ်သော အနံ့,အရသာ,အတွေ့**

**အထိတို့ကို နမ်းရ,စားရ,ထိတွေ့ရလျှင် ကိလေသာမှ စင်ကြယ်၏ဟူ၍ ဤအယူတို့ကို အမှီပြု၍ မစင်ကြယ်သည်၏အဖြစ် ကဲ့ရဲ့ဘွယ်ရာများကိုတွေ့မြင်ရသော်လည်းယခင်က ဆုံးဖြတ်ခဲ့သော ဒိဋ္ဌိအယူ၌သာလျှင် မြဲမြံစွာ တည်၍ ရှင်မြူးတက်ကြွလျက်မိမိနှင့်အယူမတူ တပါးသူကို "လူမိုက်၊ အလိမ္မာကင်းသူ"ဟု ကဲ့ရဲ့ပြောဆို၏။**

**ဒိဋ္ဌမင်္ဂလာအယူ။** ။ဘုရားလက်ထက်က ရင်ဘတ်မှ လဝန်းကဲ့သို့ အရောင်ထွက်သည့် ထူးဆန်းသော **စန္ဒာဘ** ဟူသော ပုဏ္ဏားတစ်ယောက် ပေါ်ခဲ့ဘူး၏။ ထိုပုဏ္ဏားကိုတွေ့မြင်ရလျှင် လာဘ်ရှင်သည်၊ စည်းစိမ်တက်သည်၊ ဘုန်းကြီးသည်၊ စိတ်ချမ်းသာသည် ဟု အယူရှိသဖြင့် လူတို့သည် စန္ဒာဘကို တစ်ကြိမ်ကြည့်ရုံမျှဖြင့် ငွေတစ်သိန်းပေးရ၏။

**သီလဗ္ဗတ ပရာမာသ အကျင့်။** ။ဘုရားလက်ထက်က **ကောရခတ္တိယ ပရိဗိုဇ်သည်** ကိလေသာနည်းပါးစေရန် ခွေးကဲ့သို့ လေးဖက်ထောက် သွား၏၊ လေးဖက်ထောက် စား၏၊ ဖိုခနောက်အလယ် ပြာပုံတွင် အိပ်၏၊ ခွေးကဲ့သို့ ခြေတဖက်မြှောက်၍ ကျင်ငယ်စွန့်၏၊ ကျင်ကြီးကို စား၏၊ ထိုသို့ ကျင့်သဖြင့် ကိလေသာမှ စင်ကြယ်၏ ဟု ယုံကြည်၏။

အချို့ကား သစ်ပင်တောတောင်များကို ပူဇော်ပသခြင်းဖြင့် နောက်ဘဝကောင်းကျိုးရလိမ့်မည်ဟု ယုံကြည်တတ်ကြ၏။ နတ် ဖြဟ္မာ ဖန်ဆင်းရှင်ကြီးများကို ကိုးကွယ်ခြင်းဖြင့် ကောင်းကျိုးချမ်းသာ ရလိမ့်မည်ဟု ယုံကြည်တတ်ကြ၏။ ဤအရာအားလုံးသည် မှားယွင်းသောအကျင့် သီလဗ္ဗတ ပရာမာသ အကျင့်သာဖြစ်၏။

**၁၁။ ယေနေဝ ဗာလောတိ ပရံ ဒဟာတိ၊**
**တေနာ' တုမာနံ ကုသလောတိ စာဟ။**
**သယ' မတ္တနာ သော ကုသလာဝဒါနော၊**
**အညံ ဝိမာနေတိ တဒေဝ ပါဝ။**

**မြန်မာပြန်။** **။ဤသို့ အယူဝါဒ မတူကြသူများကိုမိုက်မဲသောသူ၊ မလိမ္မာသောသူဟု ကဲ့ရဲ့ပြောဆိုခဲ့သော် အကြင်သို့သော အကြောင်းကြောင့်အယူမတူသည့် သူတပါးကို မိုက်မဲသောသူဟု ထင်မှတ်တတ်၏။ ထို အကြောင်းဖြင့်သာလျှင်မိမိကိုယ်ကို အပြစ်မဲ့သူ၊ အလိမ္မာဉာဏ်ရှိသူဟုလည်းဝန်ခံပြောဆိုတတ်၏။ ထိုပြောဆို သောသူသည် မိမိကိုယ်တိုင်ပင်လျှင် ပညာရှိဟု ဝန်ခံပြောဆိုပြီးလျှင် မိမိအယူမှတပါး အခြားအယူရှိသူကိုကဲ့ရဲ့ ၏။ ထိုတပါးသော အယူနှင့် အယူရှိသူကိုလည်း "ဤကား မှားသောအယူ၊ ဤကား မှားသောအယူရှိသူပေတည်း" ဟု ပစ်ပယ်ပြောဆို၏။**

(တပါးသောအယူရှိသူကို "လူမိုက်, လူနုံ, လူအ"ဟု ဆိုလျှင် မိမိကိုယ်ကို လူလိမ္မာဟု ဆိုရာရောက်၏။ သူတပါး ကို ကဲ့ရဲ့ခြင်းအကြောင်းနှင့် မိမိကိုယ်ကို ချီးမြှောက်ခြင်းအကြောင်းကား အတူတူသာဖြစ်၏။ မူရင်းမှာ ဒိဋ္ဌိ

စေတသိက်သာဖြစ်ပြီး ထိုဒိဋ္ဌိတရားဆိုးကို အမှီပြု၍ အထင်ကြီးမှုမာန၊ သူတပါးအထင်သေးမှု အတိမာန၊ ကဲ့ရဲ့ရှုတ်ချကြောင်း ဒေါသတို့လည်း ဖြစ်ကုန်၏။)

**၁၂။ အတိသာရဒိဋ္ဌိယာဝ သော သမတ္တော၊**
**မာနေန မတ္တော ပရိပုဏ္ဏမာနီ။**
**သယမေဝ သာမံ မနသာဘိသိတ္တော၊**
**ဒိဋ္ဌီ ဟိ သာ တဿ တထာ သမတ္တော။**

**မြန်မာပြန်။ ။မိမိကိုယ်ကို ပညာရှိပဏ္ဍိတ်ဟုဆိုပြီး သူတစ်ပါးကို လူ့ဗာလဟု ရှုတ်ချလျက် မိမိအယူဝါဒကို ထက်သန်စွာ ဟောပြောနေသော ထိုသူသည် အကြောင်းမှန်ကို ကျော်လွန်သည်ဖြစ်၍ဖူးယောင်ပုပ်ပွသော အလောင်းကောင်နှင့်တူသောအယူဆိုးဖြင့် ပြည့်ဝစုံလင်သည်ဖြစ်၍မိမိအယူကို စွဲမှီ၍ဖြစ်သော မာနဖြင့် ရစ်မူး လျက် တင်းတင်းပြည့်ဝ အလွန်တက်ကြွသော မာနရှိ၏။ မိမိကိုယ်တိုင်သာလျှင်မိမိကိုယ်ကို စိတ်ဖြင့် ပညာရှိ တံဆိပ် ခပ်နှိပ်ကာ အဘိသိက်သွန်းရာလည်းရောက်၏။ အဘယ့်ကြောင့်ဆိုသော်ထိုအယူသည်းသူသည်မိမိ အယူကို အလွန်အထင်ကြီးကာမာန်မူလောက်အောင်၊ ပညာရှိဟု အဘိသိက်သွင်းရာ ရောက်လောက်အောင် တင်းကြပ် ပြည့်ဝလျက် ရှိသောကြောင့်ပင်တည်း။**

**အကြောင်းမှန်ကို ကျော်လွန်သွားသောအတိသာရ ဒိဋ္ဌိ။** ။သူတပါးကို နှိမ်ချလျက် မိမိကိုယ်ကို ပညာရှိဟု ထင်မှတ်နေသောသူသည် သူတပါးနှင့်ငြင်းခုံလျှင် အနိုင်ရအောင် မိမိအယူဝါဒကို သူတပါးထက် သာလွန် အောင် ပြုပြင်မွမ်းမံရလေ၏။ ထိုသို့မွမ်းမံပြင်ဆင်ယင်း "ပြင်လွန်းတော့ ဖင်ချွန်းသည်"ဟူသော စကားကဲ့သို့ မိမိ၏ မူလအယူဝါဒသည် မူလအကြောင်း မူလလက္ခဏာ မူလတည်ရာ အခြေတို့ကို ကျော်လွန်၍ ဖူးယောင် ပုပ်ပွနေသော အလောင်းကောင်ပမာ လွန်စွာ စက်ဆုပ်ဖွယ်အဖြစ်သို့ ရောက်လာ၏။

**အကြောင်းယုတ္တိ အနှစ်သာရလည်း မရှိ၊ သဘောလက္ခဏာ အနှစ်သာရလည်း မရှိ၊ တည်ရာမှီရာ အနှစ်သာရလည်း မရှိ၊ ထိုအယူကို အတိသာရဒိဋ္ဌိ ဟု ခေါ်၏။** သို့သော်လည်း ကိုယ့်အယူကိုယ်တော့ အားရ ကျေနပ်နေ၏။ အဖက်ဖက်က စွက်စရာမလိုလောက်အောင် ပြည့်စုံနေသည်ဟုလည်း ထင်၏။

**ကိုယ့်ဘွဲ့ကိုယ်ဆေးပြီး မာနတောင်လိုမောက်။** ။ဝါဒရေးရာနှင့်ပတ်သက်လာလျှင် သူ့ကိုယ်သူ အထူး ကျွမ်းကျင်သူဟု ထင်ထားသဖြင့် မာနကလည်း ခေါင်ထိပ်တက်နေတော့၏။ ဝါဒရေးရာ၌ အကုန်သိမြင်သည့် ပဏ္ဍိတ်ကြီး တစ်ဆူအဖြစ် မိမိဖာသာ ဘွဲ့တံဆိပ် ပေးအပ်ထား၏။ ဘာသာဝါဒတည်းဟူသော ပလ္လင်တွင် သူသည် အထွဋ်ဘုရင်အဖြစ် အဘိသိက်ရေစင်ဖြင့် ကိုယ့်ဖာသာကိုယ် သွန်းဖြန်းလေ၏။

အကြောင်းမှာ ထိုအယူသည်းသူသည် ဝါဒရေးရာ၌ မာနထိပ်ခေါင် တံခွန်ထောင်၍ ပဏ္ဍိတတံဆိပ် ကိုယ်တိုင်နှိပ်ပြီး ဘိသိက်သွင်းကာ အောင်ပွဲဆင်နိုင်လောက်အောင် မိမိအယူကို သူတပါးတို့ ကြားမဝင်သာ အောင် ကောင်းစွာယူထားသောကြောင့်ဟု ဆို၏။

**၁၃။ ပရဿ စေ ဟိ ဝစသာ နိဟီနော၊**
**တုမော သဟာ ဟောတိ နိဟီနပညော။**
**အထ စေ သယံ ဝေဒဂူ ဟောတိ ဓီရော၊**
**န ကောစိ ဗာလော သမဏေသု အတ္ထိ။**

**မြန်မာပြန်။ ။ မိမိကိုယ်ကို ချီးမြှောက်ပြီး သူတပါးအား ကဲ့ရဲ့ခြင်း၏အပြစ်ကို ပြောရလျှင်.... သူတပါး၏ နှိမ်ချသောစကားကြောင့်ယုတ်နိမ့်သူဖြစ်သွားခဲ့လျှင်ထိုနှိမ့်ချပြောဆိုသူလည်းအပြောခံရသူနှင့် အတူတူပင် ယုတ်နိမ့်သောသူ ဖြစ်လေရာ၏။ ထိုသို့မဟုတ် မိမိအလိုအားဖြင့် ထိုးထွင်းသိမြင် ပညာ့ရှင်ဖြစ်၏ဟု ဆိုခဲ့ငြားအံ့။ ထိုသို့ သူတပါးစကားနှင့်မဆိုင်ကိုယ့်ဖာသာကိုယ် ပညာရှိဖြစ်နိုင်ခဲ့သည်ရှိသော်သမဏဟု အမည်ရသော သူတို့တွင် တစ်စုံတစ်ယောက်မျှလူမိုက် လူအ လူထုံ လူနု မရှိတော့လေရာ။**

အဓိပ္ပါယ်။ ။သူတပါးက လူမိုက်ဟု ကဲ့ရဲ့တိုင်း လူမိုက်ဖြစ်ရမည်ဆိုလျှင် ကဲ့ရဲ့သူလည်း အကဲ့ရဲ့ခံရသူနှင့် အတူတူ လူမိုက်ပင် ဖြစ်လေတော့၏။ အကြောင်းမှာ ထိုသူ့ကိုလည်း အခြားသူများက လူမိုက်ဟုပင် တုန့်ပြန် ကဲ့ရဲ့ကြသောကြောင့် ပင်တည်း။

ထိုသို့မဟုတ် သူတပါးစကားနှင့် မပတ်သက်ဘဲ ကိုယ့်ဝါဒနှင့်ကိုယ် ပညာရှိဖြစ်ကြစတမ်း ဆိုလျှင် လည်း အယူဝါဒရှိသူ ရသေ့ရဟန်းမှန်သမျှ တစ်ယောက်မှ လူမိုက် မရှိလေတော့ရာ။

(**သမဏ**=ကိလေသာငြိမ်းအေးသူကို 'သမဏ'ဟုခေါ်၏။ သမ-ငြိမ်းအေးသော။ အဏ-ကိလေသာ။ ထိုသမဏ ဟူသောအမည်ကို ရသေ့, ပရိဗိုဇ်, တိတ္ထိတို့ကလည်း သုံးစွဲကြ၏။)

**၁၄။ အညံ ဣတော ယာ'ဘိဝဒန္တိ ဓမ္မံ၊**
**အပရဒ္ဓါ သုဒ္ဓိ မကေဝလီ တေ။**
**ဧဝမ္ပိ တိတ္ထျာ ပုထုသော ဝဒန္တိ၊**
**သန္ဒိဋ္ဌိရာဂေန ဟိ တေ'ဘိရတ္တာ။**

**မြန်မာပြန်။ ။ငါတို့အယူဝါဒမှတပါးအခြားသော ဘာသာတရားကိုအကြင်ရသေ့ ရဟန်း ပရိဗိုဇ်တို့သည် အမွန်အမြတ်ထား၍ဟောပြောကုန်၏။ထိုဟောပြောသောသူတို့သည်စင်ကြယ်သောအကျင့်လမ်းမှချွတ်ချော် လွဲမှားကုန်သည်ဖြစ်၍ပြည့်စုံမှုမရှိဘဲ ယုတ်ညံ့လေကုန်၏-ဟု များစွာသော တိတ္ထိတို့သည် ပြောဆိုကုန်၏။ အဘယ့်ကြောင့်ဆိုသော်ထိုတိတ္ထိတို့သည် မိမိ၏အယူဝါဒ၌ တပ်စွဲသောရာဂဖြင့် ပြင်းပြင်းထန်ထန် စွဲလမ်းသော ကြောင့်ပင်တည်း။**

အဓိပ္ပါယ်။ ။တိတ္ထိတို့သည် "ငါတို့အယူမှတပါး အခြားအယူကို အမွန်အမြတ်ထား၍ ပြောသူ၊ ဟောသူ၊ ချီးမွမ်းသူ၊ ကျင့်သူအားလုံးတို့သည် စင်ကြယ်သောလမ်းမှန်မှ ချွတ်ချော်တိမ်းစောင်းသွားကြ၏။ ဆုံးရှုံးသွားကြ

၏။ စင်ကြယ်မှုမရှိလျှင် မြင့်မြတ်သောပုဂ္ဂိုလ် မဖြစ်တော့။ အသိဉာဏ်မပြည့်ဝသဖြင့် နိမ့်ကျသည့် အောက်တန်းစားများသာ ဖြစ်သွားကြ၏”ဟု ပြောဆိုတတ်၏။ အကြောင်းမှာ သူတို့အယူဝါဒ၌ ပြင်းပြင်းထန်ထန် အယူသည်းစွဲလန်းမှုကြောင့်ပင်တည်း။

**၁၅။ ဣဓေဝ သုဒ္ဓိံ ဣတိ ဝါဒယန္တိ၊**
**နာညေသု ဓမ္မေသု ဝိသုဒ္ဓိ’မာဟု။**
**ယတ္ထ နိဝိဋ္ဌာ တတ္ထ သုဘံ ဝဒါနာ၊**
**ပစ္စေကသစ္စေသု ပုထူ နိဝိဋ္ဌာ။**

**မြန်မာပြန်။ ။မိမိတို့အယူ၌ လွန်လွန်ကဲကဲ တပ်စွဲကြကုန်သော တိတ္ထိတို့သည် ဤဆိုအပ်ခဲ့ပြီးသည့်အတိုင်း ဤမိမိတို့အယူ၌သာလျှင်စင်ကြယ်ခြင်းကို ပြောဆိုကုန်၏။ မိမိတို့အယူမှတပါးအခြားသောတရားတို့၌ စင်ကြယ်ခြင်းကို မပြောဆိုကြကုန်။ ဤနည်းအားဖြင့်လည်းမိမိ မိမိတို့၏ တည်ရာမှီရာဖြစ်သောဦးဆောင်ဟောပြောသူဆရာ, ထိုဆရာဟောကြားအပ်သောတရား၊ လိုက်နာကျင့်ဆောင်သူတပည့် မိမိတို့ အယူအဆ, မိမိတို့ အကျင့်လမ်း၌ သက်ဝင်ကပ်ငြိ တည်နေကုန်လျက် မြဲမြံခိုင်ခံ့ တည်တံ့သောဝါဒ ရှိကုန်၏။**

(မိမိတို့အယူဝါဒ၌ စွဲလန်းချက်ပြင်းသောတိတ္ထိတို့သည် မိမိတို့ဝါဒ၏ ခေါင်းဆောင်ဆရာ၊ ထိုဆရာဟောပြောချက်၊ လိုက်နာကြသော နောက်လိုက်တပည့်များ၊ မိမိအယူအဆ၊ မိမိတို့ကျင့်စဉ်တို့ကိုသာ လွတ်မြောက်ရေး လမ်းစဉ်ဟု ဆိုကြ၏။ တပါးသော ဂိုဏ်းဆရာ၊ ထိုဆရာဟောပြောချက်၊ ထိုဂိုဏ်းလိုက်နာသူများ၊ အယူအဆများကို စင်ကြယ်ရေးလမ်းစဉ်မဟုတ်ဟု ပြောဆိုကုန်၏။ သဿတအယူရှိသူများကလည်း မိမိတို့ အယူသာမှန်သည်။ အခြားအယူများ မှား၏ဟု ပြော၏။ ဥစ္ဆေဒအယူရှိသူများကလည်း ထိုအတိုင်းပင် ပြောကြ၏။ နတ္ထိက အယူ၊ အဟေတုက အယူ၊ အကိရိယ အယူရှိသူများကလည်း ဤနည်းအတိုင်းသာ ဆိုကြ၏။)

**၁၆။ သကာယနေ ဝါပိ ဒဠှံဝဒါနော၊**
**ကမ’ေတ္ထ ဗာလောတိ ပရံ ဒဟေယျ။**
**သယံဝ သော မေဓဂ’မာဝဟေယျ၊**
**ပရံ ဝဒံ ဗာလ မသုဒ္ဓိဓမ္မံ။**

**မြန်မာပြန်။ ။မိမိ၏ အယူဝါဒ အကျင့်လမ်း၌သာလျှင်ခိုင်မြဲသည်ဟု ဆိုနိုင်ပါသော်လည်းအယူဝါဒ အသီးသီးရှိကြသော ဤသူတို့တွင် အခြားဘယ်ပုဂ္ဂိုလ်ကို မိုက်မဲတွေဝေသူဟူ၍ ပြောဆိုနိုင်ပါတော့အံ့နည်း။အယူကွဲပြားသည့် တပါးသူကို မစင်ကြယ်သည့် အကျင့်တရားရှိသောလူ့ဗာလဟု ပြောဆိုခဲ့သော် ထိုပြောဆိုသူသည် မိမိကိုယ်တိုင်ပင် ငြင်းခုံခြင်းကို ဆောင်ယူလာရာ ရောက်၏။**

(မိမိတို့ အယူသည်သာလျှင် အမှန်တရားဟု ကိုယ့်အယူနှင့်ကိုယ် ဆုပ်ကိုင်ထားကြ၏။ ဤသို့ဆိုလျှင် ကိုယ့်အယူနှင့်ကိုယ် အားလုံး ပညာရှိချည်းဖြစ်ကြ၍ အဘယ်သူ့ကို လူမိုက်ဟု ဆိုနိုင်တော့အံ့နည်း။ အကယ်၍ အယူမတူ တပါးသူကို လူ့ဗာလဟူ၍၄င်း၊ သူတို့အယူကို မစင်ကြယ်သောအယူဟု၄င်း ဆိုခဲ့လျှင် မိမိကိုယ်တိုင် ပင် ငြင်းခုံပွဲကို မိမိထံသို့ ဆောင်ယူလာသည် မည်တော့၏။ (ဝါ) ကိုယ့်ပြဿနာ ကိုယ်ရှာသူ ဖြစ်တော့၏။)

**၁၇။(က)ဝိနိစ္ဆယေ ဌတွာ သယံ ပမာယ၊**

**ဉဒ္ဓံ သ လောကသ္မိံ ဝိဝါဒမေတိ။**

**(ခ) ဟိတွာန သဗ္ဗာနိ ဝိနိစ္ဆယာနိ၊**

**န မေဓဂံ ကုဗ္ဗတိ ဇန္တု လောကေတိ။**

**မြန်မာပြန်။ ။(က) ငြင်းခုံခြင်းသို့ ဆောင်ယူရာရောက်သည်ဟုဆိုအပ်သော ထိုအယူသည်းသူသည်မိစ္ဆာ အယူ အဆုံးအဖြတ်၌ စွဲမြဲစွာတည်ပြီး၍၄င်း၊ မိမိ၏ဆရာဝါဒကို နှိုင်းချိန်ဆုံးဖြတ်၍၄င်း လွန်ကဲစွာ ငြင်းခုံခြင်းသို့ ရောက်တော့၏။ (ဝါ) မိမိ၏အယူဝါဒကို သူတပါး၏ အယူဝါဒထက် လွန်ကဲအောင်ထား၍ ငြင်းခုံ၏။ (ဝါ) မိမိဝါဒထက် သာလွန်သော တပါးသောဝါဒနှင့်အတူလောက၌ ပြိုင်ဆိုင်ငြင်းခုံခြင်းသို့ ရောက်လေတော့၏။**

**(ခ) အရိယာပုဂ္ဂိုလ်သည်များသောအားဖြင့် ဆုံးဖြတ်တတ်သောအလုံးစုံသော မိစ္ဆာဒိဋ္ဌိ ၆၂-ပါးတို့၌ အပြစ်ကိုသိမြင်သဖြင့်ပယ်စွန့်ပြီး၍ လောက၌ ငြင်းခုံခြင်းကို မပြုတော့။**

အဓိပ္ပါယ်။ ။ငြင်းခုံခြင်းကို ဆောင်ယူလာသော ထိုအယူသည်းသူသည် ဒိဋ္ဌိဆုံးဖြတ်ချက်၌ ခိုင်ခိုင်မာမာ ရပ်တည်၍၄င်း၊ မိမိ၏ဂိုဏ်းဆရာကို လုံးစုံသိမြင်သောသူဟု၄င်း၊ ထိုဆရာဟောသော တရားသည် အမှန် အတိုင်း ဟောကြားအပ်သောတရားဟု၄င်း၊ ထိုဆရာ၏ တပည့်သံဃာအပေါင်းသည် ကောင်းစွာကျင့်ကြံနေသူ ဟု၄င်း၊ အယူဝါဒကိုလည်း ကောင်းသောအယူဝါဒဟု၄င်း၊ အကျင့်တရားကိုလည်း လွတ်မြောက်ရေးလမ်းစဉ်ဟု ၄င်း ယူဆကာ သူတပါးနှင့် ငြင်းခုံတော့၏။ (သို့မဟုတ်) မိမိဝါဒကို သူတပါးထက် သာလွန်အောင်ထား၍ ငြင်းခုံ၏။ (တနည်း) မိမိဝါဒထက်သာလွန်သော သူတပါးဝါဒနှင့် ပြိုင်ဆိုင်ငြင်းခုံလေတော့၏။

**အရိယာ(သောတာပန်)ဖြစ်မှ အငြင်းရပ်။** ။ မိစ္ဆာဒိဋ္ဌိ ၆၂-ပါးသည် များသောအကြောင်းအရာများကို ဆုံးဖြတ် တတ်သောကြောင့် "ဝိနိစ္ဆယ"ဟု ခေါ်၏။ ထိုဒိဋ္ဌိတို့၌အပြစ်ကို မြင်ခြင်းကြောင့် မိစ္ဆာအယူအားလုံး အရိယာ မဂ်ဖြင့် အကြွင်းမဲ့ပယ်စွန့်လိုက်သဖြင့် ဘာသာရေး၌ ငြင်းခုံသည့်အသံ ငြိမ်းသွားတော့၏။ (သောတာပန်မှ မဖြစ်သေးလျှင် ငြင်းနေကြဦးမည်သာ ဟူလို။)

**ငါဘုရားကတော့ မငြင်းပါ**

နာဟံ လောကေန ဝိဝဒါမိ၊ လောကော ဝ မယာ ဝိဝဒတိ၊ န ဘိက္ခဝေ ဓမ္မဝါဒီ ကေနစိ လောကသ္မိံ ဝိဝဒတိ။

(ခန္ဓဝဂ္ဂသံယုတ်၊ ပုပ္ဖသုတ်၊ ၁၁၃။)

ချစ်သားရဟန်းတို့....ငါဘုရားက လောကကြီးနှင့် မငြင်းပါဘူး။ သစ္စကပရိဗိုဇ်တို့လို လောကထဲက သတ္တဝါတွေကသာ ငါဘုရားကို လာငြင်းနေကြတာပါ။ ချစ်သားရဟန်းတို့.....လောကမှာ အမှန်ကို အမှန်အတိုင်း ပြောဆိုတတ်တဲ့ ဓမ္မဝါဒီပုဂ္ဂိုလ်ဟာ ဘယ်သူနှင့်မျှ မငြင်းခုံတော့ပေ။

**ဒိဋ္ဌိဘယ်လိုဖြုတ်**

ပေါ်တိုင်းမပြတ် ရှုမှတ်နေလျှင်၊
ရုပ်နာမ်နှစ်မျိုး ကြောင်းကျိုးသိမြင်။
မမြဲဆင်းရဲ ဉာဏ်ထဲပေါ်လွင်၊
အနတ္တ  သိရ ဒိဋ္ဌိစင်။
(မဟာစည် ဆရာတော်)

**စူဠဗျူဟသုတ္တံ နိဋ္ဌိတံ။**